ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် ၁၃၃ / ၂၀၂၂**

၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်

(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

**သစ်အခြေခံထွက်ကုန်ပစ္စည်းအမျိုးအစားများနှင့် အဆင့်သတ်မှတ်ခြင်း**

၁။ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ၏ (၁၃/၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ သစ်အခြေခံထွက်ကုန်ပစ္စည်းများအား အောက်ဖော်ပြပါအတိုင်း အမျိုးအစားများနှင့် အဆင့်သတ်မှတ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | HS Heading | အဓိပ္ပာယ်ဖွင့်ဆိုချက် | အကျုံးဝင်သည့် အမျိုးအစား | အဆင့် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁။ | 44.01 | သစ်လုံးပုံစံ၊ ဖြတ်တောက်ထားသောပုံစံ၊အကိုင်းအခက်ပုံစံ၊ ထင်းစည်းပုံစံ (သို့) အလားတူပုံသဏ္ဍာန်ရှိသည့် လောင်စာထင်းများ၊ သစ်အစအနများ (သို့) အပိုင်းများ၊ လွှစာမှုန့်များနှင့် သစ်တိုသစ်စများ (ယင်းလွှစာမှုန့်နှင့် သစ်တို သစ်စများကို သစ်လုံးသဏ္ဍာန်၊ ပျဉ်ချပ်သဏ္ဍာန်၊ အလားတူသဏ္ဍာန်ဖြစ်စေရန် ပေါင်းစပ်စုစည်းထားသည်ဖြစ်စေ/ မထားသည်ဖြစ်စေ) | Wood Chips, Wood Pellets အပါအဝင် အလားတူ သစ်ထွက် ထင်းလောင်စာပစ္စည်းများ အားလုံး | အချောထည် (Finished) |
| ၂။ | 44.02 | ထင်းမီးသွေး (ပေါင်းစပ်စုစည်းထားသည်ဖြစ်စေ/ မထားသည် | ဝါးမီးသွေး၊ အုန်းခွံမီးသွေးများ အပါအဝင် | အချောထည် (Finished) |

| စဉ် | HS Heading | အဓိပ္ပာယ်ဖွင့်ဆိုချက် | အကျုံးဝင်သည့် အမျိုးအစား | အဆင့် သတ်မှတ်ချက် |
|---|---|---|---|---|
| | | ဖြစ်စေ) (အခွံ (သို့) အခွံမာ မီးသွေးများ အပါအဝင်) | ထင်းမီးသွေး အားလုံး | |
| ၃။ | 44.03 | သစ်အကြမ်းထည် (သစ်ခေါက် သို့မဟုတ် သစ်ပကာသားအား ခွာထားသည်ဖြစ်စေ/ မထား သည်ဖြစ်စေ) (သို့) လေးထောင့်ပုံ ရှိ သော သစ်အကြမ်းထည်များ | သစ်လုံးအမျိုးမျိုးနှင့် Boule Cut Logs, Baulk Squares အပါ အဝင် သစ်အကြမ်း ထည်များ အားလုံး | ကုန်ကြမ်း (Raw Material) |
| ၄။ | 44.04 | သစ်ခွေများ၊ ခွဲထားသော သစ်လုံး များ၊ ခြံတိုင်များ၊ အလျားလိုက် လွှတိုက်ထားခြင်းမရှိသော အဖျား တစ်ဖက်ချွန်ထားသည့် ခြံစည်းရိုး တိုင်များ၊ လမ်းလျှောက်တုတ်များ၊ ထီးများ၊ လက်ကိုင်ကိရိယာများ နှင့်အလားတူပစ္စည်းများ ထုတ် လုပ်ရာတွင် သုံးသည့် ကွေးထား ကောက်ထားခြင်း မပြုလုပ်ရသေး သည့် အကြမ်းထည် အဆင့်သာ ရှိသော သစ်သားတုတ်များ၊ သစ်တိုသစ်စနှင့် အလားတူ ပစ္စည်းများ | အကြမ်းထည်အဆင့် အလားတူ သစ်ထွက် ပစ္စည်းများ | ကုန်ကြမ်း (Raw Material) |
| ၅။ | 44.05 | သစ်မျှင်များ၊ သစ်မှုန့်များ | အလားတူ သစ်ထွက် ပစ္စည်းများ | တစ်ဝက်တစ်ပျက် အချောထည် (Semi-finished) |
| ၆။ | 44.06 | ရထားလမ်း (သို့) ဓာတ်ရထား သံလမ်း၏ ဇလီဖာတုံးများ | သစ်သားဇလီဖားများ | အချောထည် (Finished) |

| စဉ် | HS Heading | အခွန်ကောက်ခံသည့် ကုန်ပစ္စည်း ဖော်ပြချက် | အကျုံးဝင်သည့် အမျိုးအစား | အဆင့် သတ်မှတ်ချက် |
|---|---|---|---|---|
| | | (ကန့်လန့်ဖြတ်ချိတ်ဆက်ထား သော) | | |
| ၇။ | 44.07 | အထူ ၆ မီလီမီတာထက် ပိုသော ရွှေဘော်ထိုးထားခြင်း သို့မဟုတ် ကော်ပတ်စားထားခြင်း သို့မဟုတ် အစွန်းဖျားများ ချိတ်ဆက်ထား ခြင်း ပြုလုပ်ထားသည်ဖြစ်စေ၊ မပြုလုပ်ထားသည်ဖြစ်စေ အလျားလိုက် လွှတိုက်ထားသော သို့မဟုတ် လွှာထားသော သစ်သား | ထိပ်ဝဧရိယာ ၂၄ စတုရန်းလက်မ (၁၅၄၈၄ စတုရန်း မီလီမီတာ) အထက် သစ်ထွက်ပစ္စည်းများ အားလုံး | အခြေခံအဆင့် ခွဲစိတ်ထားသော သစ်ခွဲသား (Rough Sawn) |
| ၈။ | 44.07 | အထူ ၆ မီလီမီတာထက် ပိုသော ရွှေဘော်ထိုးထားခြင်း သို့မဟုတ် ကော်ပတ်စားထားခြင်း သို့မဟုတ် အစွန်းဖျားများ ချိတ်ဆက်ထားခြင်း ပြုလုပ်ထားသည်ဖြစ်စေ၊ မပြုလုပ် ထားသည်ဖြစ်စေ အလျား လိုက် လွှတိုက်ထားသော သို့မဟုတ် လွှာထားသောသစ်သား | ထု ၄ လက်မနှင့်အောက် ဗျက် ၁၄ လက်မနှင့် အောက်၊ ထိပ်ဝဧရိယာ ၁၂ စတုရန်းလက်မ (၇၇၄၂ စတုရန်းမီလီ မီတာ) နှင့် အထက် ၂၄ စတုရန်းလက်မ (၁၅၄၈၄ စတုရန်း မီလီ မီတာ) အထိ သစ်ထွက် ပစ္စည်းများအားလုံး | တစ်ဝက်တစ်ပျက် အချောထည် (Semi-finished) |
| ၉။ | 44.07 | အထူ ၆ မီလီမီတာထက် ပိုသော ရွှေဘော်ထိုးထားခြင်း သို့မဟုတ် ကော်ပတ်စားထားခြင်း သို့မဟုတ် အစွန်းဖျားများ ချိတ်ဆက်ထားခြင်း ပြုလုပ်ထားသည်ဖြစ်စေ၊ မပြုလုပ် | ထိပ်ဝဧရိယာ ၁၂ စတုရန်း လက်မ (၇၇၄၂ စတုရန်း မီလီမီတာ) အောက် သစ်ထွက် ပစ္စည်းများအားလုံး | တစ်ဝက်တစ်ပျက် အချောထည် (Semi-finished) |

| စဉ် | HS Heading | အမိပ္ပာယ်ဖွင့်ဆိုချက် | အကျုံးဝင်သည့် အမျိုးအစား | အဆင့် သတ်မှတ်ချက် |
|---|---|---|---|---|
| | | ထားသည်ဖြစ်စေ အလျားလိုက် လွှတိုက်ထားသော သို့မဟုတ် လွှာထားသောသစ်သား | | |
| ၁၀။ | 44.08 | အထူ ၆ မီလီမီတာထက် မကျော်သော ရွှေဘော်ထိုးထားခြင်း သို့မဟုတ် ကော်ပတ်စားထားခြင်း သို့မဟုတ် အစွန်းဖျားများ ချိတ်ဆက်ထားခြင်း ပြုလုပ်ထားသည်ဖြစ်စေ၊ မပြုလုပ်ထားသည်ဖြစ်စေ သစ်ပါးလွှာပြုလုပ်ရန်၊ အထပ်သားပြုလုပ်ရန်၊ အခြား သစ်များပြုလုပ်ရန် သစ်သားပြားများ (အလျားလိုက် လွှတိုက်ထားသော သို့မဟုတ် လွှာထားသောသစ်သား ပြားများ) | သစ်ပါးလွှာအမျိုးအစား အားလုံး | အချောထည် (Finished) |
| ၁၁။ | 44.09 | အနားသတ်များ၊ အစွန်းများ သို့မဟုတ် မျက်နှာပြင် တစ်လျှောက်တွင် လျှာ၊ မြောင်း၊ နဘော၊ စောင်းသိမ်း၊ စောင်းလုံး စသည့် တစ်နည်းနည်းဖြင့် တစ်ဆက်တည်း ပုံဖော်ထားသော သစ်သားများ (ပါကေး ကြမ်းခင်းများအတွက် တပ်ဆင်ထားခြင်းမရှိသော ပန်းတန်းများ၊ အချောင်းများ အပါအဝင်) | ထိပ်ဝရိယာ ၂၄ စတုရန်းလက်မ (၁၅၄၈ စတုရန်း မီလီမီတာ)နှင့်အောက် ပုံဖော်သစ်များအားလုံး | အချောထည် (Finishd) |

| စဉ် | HS Heading | အမိပ္ပာယ်ဖွင့်ဆိုချက် | အကျုံးဝင်သည့် အမျိုးအစား | အဆင့် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁၂။ | 44.10 | သစ်သားစများ သို့မဟုတ် သစ်သား မျှင်များဖြင့် ပြုလုပ်ထားသည့် ကြိတ်သားများနှင့် အလားတူ ကြိတ်သားများ (ကော် သို့မဟုတ် အခြား အော်ဂဲနစ် တွဲကပ် ပစ္စည်း များဖြင့် ဖွဲ့စည်းထုတ်လုပ်ထား သည် ဖြစ်စေ၊မထားသည်ဖြစ်စေ) | Particle Board, Oriented Strand Board (OSB) နှင့် အခြားအလားတူ ဘုတ်ပြားများ | အချောထည် (Finished) |
| ၁၃။ | 44.11 | သစ်သားမျှင်များဖြင့် ဖိအားသုံး ပြုလုပ်ထားသည့် ကြိတ်သားများ (ကော် သို့မဟုတ် အခြား အော်ဂဲနစ် ပစ္စည်းများဖြင့် တွဲကပ်ထားသည် ဖြစ်စေ မထားသည်ဖြစ်စေ) | Fibreboard နှင့် အခြား အလားတူ ဘုတ်ပြားများ | အချောထည် (Finished) |
| ၁၄။ | 44.12 | အထပ်သား၊ သစ်ပါးလွှာပြားများ နှင့် အလားတူ သစ်သားအချပ် ပြားများ | အထပ်သားမျိုးစုံနှင့် အလားတူ တွဲစပ် ကပ်ထားသော သစ်ထွက်ပစ္စည်းများ | အချောထည် (Finished) |
| ၁၅။ | 44.13 | ကော် သို့မဟုတ် အခြား သတ္တု အရည်တို့ကို အသုံးပြု၍ အပူချိန် နှင့် ဖိအားဖြင့် သိပ်သည်းအောင် ပြုလုပ်ထားသည့် သစ်သား (အတုံး အပြား၊ မြောင်း သို့မဟုတ် ပုံသွင်း ထားသောပုံစံများ | ကော် သို့မဟုတ် မယ်လမင်းစသည်ဖြင့် တွဲကပ်၊ ဖိသိပ်ပြုပြင် ထားသည့် သစ်ထွက် ပစ္စည်းများအားလုံး | အချောထည် (Finished) |
| ၁၆။ | 44.14 | ပန်းချီကား၊ ဓါတ်ပုံ၊ မှန်နှင့် အလားတူ ပစ္စည်းတို့အတွက် သစ်သားဘောင်များ | အခြား အလားတူ သစ် သားဖြင့် ပြုလုပ်ထား သော ပစ္စည်းများ | အချောထည် (Finished) |

| စဉ် | HS Heading | အမိပ္ပာယ်ဖွင့်ဆိုချက် | အကျုံးဝင်သည့် အမျိုးအစား | အဆင့် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁၇။ | 44.15 | သစ်ဖြင့် ပြုလုပ်သည့် ထုတ်ပိုး သေတ္တာများ၊ ကုန်သေတ္တာများ၊ စည်များနှင့် အလားတူ ထုတ်ပိုး ပစ္စည်းများ၊ ကေဘယ်လ်ကြိုးများ ရစ်သည့် ရစ်လုံးများ၊ သစ်သား ဖြင့်ပြုလုပ်သော အခင်းပြားများ | အခြားအလားတူ သစ်သားဖြင့် ပြုလုပ် ထားသော ပစ္စည်းများ | အချောထည် (Finished) |
| ၁၈။ | 44.16 | သစ်သားဖြင့် ပြုလုပ်သည့် စည်ပိုင်းများ၊ စည်ပိုင်းပြုလုပ်ရန် ကုန်ပစ္စည်းများနှင့် အစိတ်အပိုင်း များ (စည်၏ ဘေးနံရံ ပျဉ်ချပ် ရှည်အပါအဝင်) | အခြား အလားတူ သစ်သားဖြင့် ပြုလုပ် ထားသော ပစ္စည်းများ | အချောထည် (Finished) |
| ၁၉။ | 44.17 | သစ်သားဖြင့် ပြုလုပ်ထားသည့် ကိရိယာများ၊ ကိရိယာကိုယ်ထည် များ၊ ကိရိယာလက်ကိုင်များ၊ တံမြက်စည်း သို့မဟုတ် ဘရပ်(ရှ်) ကိုယ်ထည်များ၊ လက်ကိုင်များ၊ ဘွတ်ဖိနပ် သို့မဟုတ် ရှူးဖိနပ် တို့၏ ပုံစံတုံးများ | အခြား အလားတူ သစ်သားဖြင့် ပြုလုပ် ထားသောပစ္စည်းများ | အချောထည် (Finished) |
| ၂၀။ | 44.18 | ဆောက်လုပ်ရေးနှင့် လက်သမား သုံးပစ္စည်းများ (မှန်ကူကွက်ပုံစံရှိ သစ်သားများ၊ ကြမ်းခင်းပြား၊ အမိုးပြား၊ ရှဉ်ငယ်နှင့် ရှိတ်ပြား များအပါအဝင်) | တံခါးများ၊ ပြူတင်းများ၊ ကျည်းဘောင်များ၊ အင်ဂျင်နီယာနည်းပညာ သုံး ကြမ်းခင်းနှင့်နံရံကပ် မှန်ပုံများ အပါအဝင် အဆင်သင့် တပ်ဆင် အသုံးပြုနိုင်သော အဆောက်အဦသုံး | အချောထည် (Finished) |

| စဉ် | HS Heading | အမ်ိဳးအမည်ဖော်ပြချက် | အကျုံးဝင်သည့် အမျိုးအစား | အဆင့် သတ်မှတ်ချက် |
|---|---|---|---|---|
| | | | သစ်သားထည်အားလုံး | |
| ၂၁။ | 44.19 | သစ်သားဖြင့် ပြုလုပ်သော ဇွန်း၊ ခက်ရင်း အစရှိသည့် ပစ္စည်းများနှင့် မီးဖိုချောင်သုံးပစ္စည်းများ | သစ်သားဖြင့် ပြုလုပ်သော ဇွန်း၊ ခက်ရင်း၊ ယောက်မ၊ တူ၊ စဉ်းတီတုံး စသည့် ပစ္စည်းများ အားလုံး | အချောထည် (Finished) |
| ၂၂။ | 44.20 | သစ်ကပ်ပန်းချီနှင့် သစ်ကပ် အလှဆင်ပစ္စည်းများ၊ ကျောက်မျက် သို့မဟုတ် ဇွန်းခက်ရင်းများထည့်ရန် သစ်သားဗူးများ၊ သစ်သားရုပ်ထုများနှင့် အလှဆင်ပစ္စည်းများ၊ အခန်း ၉၄ တွင် မဖော်ပြထားသော သစ်သားပရိဘောဂများနှင့် ပရိဘောဂအစိတ်အပိုင်းများ | ပန်းပု၊ အလှဆင် သစ်သားထည်များ၊ ရုပ်သေးရုပ်များ ရတနာဗူးခွံ၊ အခြား သစ်သားဗူးခွံများ၊ HS အခန်း (၉၄) တွင်မပါဝင်သော ပရိဘောဂပစ္စည်းများ အားလုံးနှင့် သစ် ပရိဘောဂအစိတ်အပိုင်းများ | အချောထည် (Finished) |
| ၂၃။ | 44.21 | သစ်သားဖြင့် ပြုလုပ်ထားသော အခြားပစ္စည်းများ | အထက်တွင် မပါဝင်သော သစ်သားထည်များ အားလုံး (Cloth hanger, Candy Sticks, Ice Cream Stick , Prayers beads , Toothpicks, etc.,) | အချောထည် (Finished) |
| ၂၄။ | 94.01 | Heading 94.02 တွင် မပါဝင်သော ထိုင်ခုံများနှင့် ၎င်းတို့၏ အစိတ်အပိုင်းများ (ကုတင်အဖြစ် | ပရိဘောဂတွင် တပ်ဆင်အသုံးပြုရန် သစ်သားဖင်ထိုင် | အချောထည် (Finished) |

| စဉ် | HS Heading | အမိပွာယ်ဖွင့်ဆိုချက် | အကျုံးဝင်သည့် အမျိုးအစား | အဆင့် သတ်မှတ်ချက် |
|---|---|---|---|---|
| | | ပြောင်းလဲနိုင်သည်ဖြစ်စေ၊ မပြောင်းလဲနိုင်သည်ဖြစ်စေ) | (Seat) နှင့် ကျောမှီ (Bed) များ အားလုံး | |
| ၂၅။ | 9403.30 9403.40 9403.50 9403.60 | သစ်သားဖြင့် ပြုလုပ်သော ပရိဘောဂများ (ရုံးသုံး၊ မီးဖိုချောင်သုံး၊ အိပ်ခန်းသုံးနှင့် အခြား ပရိဘောဂများ) (အစိတ်အပိုင်းများ မပါ) | သစ်ဖြင့် ပြုလုပ်ထားသော မည်သည့်အရွယ်အစားဖြစ်စေ ပရိဘောဂ အားလုံး | အချောထည် (Finished) |
| ၂၆။ | 9403.82 9403.83 | ကြိမ်/ဝါးဖြင့် ပြုလုပ်သော ပရိဘောဂများ | ကြိမ်/ဝါးဖြင့် ပြုလုပ်ထားသော မည်သည့် အရွယ်အစားဖြစ်စေ ပရိဘောဂများ အားလုံး | အချောထည် (Finished) |
| ၂၇။ | 94.06 | အသင့်ထုတ်လုပ်ပြီးအစိတ်အပိုင်းများဖြင့် ဆောက်လုပ်သော အဆောက်အဦများ | ပါဝင်သည့် အစိတ်အပိုင်းအားလုံး အချောသပ်ကြိုတင်ထုတ်လုပ်တပ်ဆင်ပြီးအပိုင်းလိုက်ဖြုတ်၍ ပြန်လည်တပ်ဆင်နိုင်အောင် စီမံထားသောသစ်သားထည် အဆောက်အဦအားလုံး | အချောထည် (Finished) |

၂။ ဤအမိန့်ကြော်ငြာစာသည် သစ်အခြေခံထွက်ကုန်ပစ္စည်းများ၏ အမျိုးအစားနှင့် အဆင့်သတ်မှတ်ရန် အလို့ငှာသာဖြစ်ပြီး ပြည်ပတင်ပို့ခွင့်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ အခါအားလျော်စွာ သတ်မှတ်ပြဋ္ဌာန်းချက်အရလည်းကောင်း၊ အခွန်ကျသင့်မှုမှာ ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာ ဥပဒေနှင့်အညီ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းချက်အရလည်းကောင်း လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၁၃၈၄ ခုနှစ် တော်သလင်းလဆန်း ၇ ရက် (၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်) မှစ၍ အတည်ဖြစ်စေရမည်။

၄။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၃/၂၀၁၇) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ) ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
သယံဇာနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စာအမှတ်၊ (သစ်တော)၃/၁၃(ခ)/ (၂၈၈၅ /၂၀၂၂)
ရက်စွဲ ၊ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့အားလုံး

ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း

ညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြေတိုင်းဦးစီးဌာန

ပါမောက္ခချုပ် ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်

ညွှန်ကြားရေးမှူး၊---------------------------------- တိုင်းဒေသကြီး / ပြည်နယ် သစ်တောဦးစီးဌာန

ကျောင်းအုပ်ကြီး ၊ မြန်မာနိုင်ငံသစ်တောကျောင်း ၊ ပြင်ဦးလွင်မြို့ ၊ မန္တလေးတိုင်းဒေသကြီး

ကျောင်းအုပ်ကြီး၊ ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးဌာန၊ မှော်ဘီမြို့၊ ရန်ကုန်တိုင်းဒေသကြီး

ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန (မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြော်ငြာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်)

ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန

အမိန့်အရ

ပုံ/ ၃၀.၈.၂၀၁၂

(လှမောင်သိန်း)

အမြဲတမ်းအတွင်းဝန်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန